“ပေါက်ဖော်ချစ်ကြည်ရေး”

# လိကျန့်ရှုး။ ။တရုတ်နှင့်မြန်မာသည် အစဉ်အမြဲအိမ်နီးချင်းကောင်းနိုင်ငံ၊ သူငယ်ချင်းမိတ်ဆွေကောင်းဖြစ်ပါသည်



ဇွန်လ(၂၆)ရက်နေ့ ပြည်သူ့ကွန်ဂရက်ခန်းမတွင် တရုတ်ပြည်လုံးကျွတ်ဆိုင်ရာ ပြည်သူ့ကွန်ဂရက်NPCအမြဲတမ်းကော်မတီ ဥက္ကဋ္ဌလိကျန့်ရှုးနှင့် မြန်မာနိုင်ငံပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမန်းဝင်းခိုင်သန်းတို့ တွေ့ဆုံပွဲကျင်းပခဲ့သည်။

ယခုနှစ်ပိုင်းတွင် သမ္မတရှီကျင့်ဖျင်နှင့် မြန်မာနိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့်စီမံကိန်းကြီးများကို အတူဆွေးနွေးဖလှယ်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် လမ်းညွှန်ချက်များ ချမှတ်ခဲ့ပြီဖြစ်သည်။ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရာတွင် အလေးထားရန်နှင့်အမွေဆက်ခံရမည့်အချက်နှစ်ခုရှိသည်။ ပထမအချက်မှာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်း မူဝါဒ(၅)ချက်ကိုလိုက်နာခြင်းဖြစ်သည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်း အခြေခံသဘောတရားသည် နိုင်ငံတကာဆက်ဆံရေး၏ အခြေခံလမ်းညွှန်ချက်ဖြစ်ပြီး နိုင်ငံအချင်းချင်း၏ဆက်ဆံရေးအတွက် ကာကွယ်စောင့်ရှောက်မှုများပြုလုပ်ပေးသည်။ တရုတ်နိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်း မူဝါဒ(၅)ချက်ကိုအခြေခံပြီး မြန်မာနိုင်ငံပြည်သူလူထုများ တည်ငြိမ်ချမ်းအေးသောနေထိုင်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထုတ်ဆောင်ရွက်ပေးသည်။ ဒုတိယအချက်မှာလည်း နှစ်နိုင်ငံပြည်သူလူထုများ၏ ပေါက်ဖော်ချစ်ကြည်ရေးကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်သည်။ တရုတ်-မြန်မာနှစ်နိုင်ငံသည် နယ်မြေချင်းဆက်စပ်ကာ ပေါက်ဖော်ချစ်ကြည်ရေးသမိုင်းကြောင်း နှစ်ပေါင်းများစွာရှိခဲ့ပြီဖြစ်သည်။ တရုတ်နိုင်ငံသည် သမ္မတရှီကျင့်ဖျင်ထုတ်ပြန်ခဲ့သော ချစ်ခင်ရင်းနှီးခြင်း၊ စေတနာဖြူစင်ခြင်း၊ အကျိုးအတူရယူခြင်းနှင့် သဘောထားကြီးခြင်းအတွေးအခေါ်ကိုလိုက်နာပြီး မြန်မာနိုင်ငံနှင့် အတူပူးပေါင်းဆောင်ရွက်ရေးများမြှင့်တင်ကာ အစဉ်အမြဲမိတ်ကောင်းဆွေကောင်း အိမ်နီးချင်းကောင်းအဖြစ် ရပ်တည်မည်ဟု လိကျန့်ရှုးက ပြောကြားခဲ့သည်။

ယခုအချိန်တွင် တရုတ်နှင့်မြန်မာနှစ်နိုင်ငံစလုံးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ လူနေမှုအဆင့်အတန်း မြှင့်တင်စေရန်လည်းကောင်း၊ ပြည်သူလူထုများ ပိုမိုကောင်းမွန်သောလူနေမှုရရှိစေရန်လည်းကောင်း တာဝန်ရှိနေပါကြောင်း၊ တရုတ်ပြည်သစ်ထူထောင်သည့် အနှစ်(၁၀၀)ပြည့်အထိမ်းအမှတ်သို့ရောက်ချိန်တွင် ခေတ်မီဆိုရှယ်လစ်အင်အားကြီးနိုင်ငံဖြစ်လာအောင် တည်ဆောက်မည်ဟု တရုတ်နိုင်ငံ(၁၉)ကြိမ်မြောက်ပြည်လုံးကျွတ်ညီလလာခံတွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ကျွန်တော်တို့သည် မြန်မာနိုင်ငံအကြားချစ်ကြည်ရေးကို ခိုင်မြဲအောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နှစ်ဦးနှစ်ဖက်အသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဖြစ်မြောက်စေရန် ကြိုးပမ်းခြင်းကိုလေးစားပါကြောင်း၊ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” အဆိုပြုချက်မူဘောင်အတွင်း တရုတ်-မြန်မာစီးပွားရေးစင်္ကြံစီမံကိန်းကို ကောင်းမွန်စွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ ဆည်မြောင်းတာတမံလုပ်ငန်း၊ ပညာရေး၊ ဆေးဘက်ဆိုင်ရာကုသခြင်းစသော လူနေမှုနှင့်ဆိုင်သည့်လုပ်ငန်းများကို တရုတ်နိုင်ငံမှထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဘက်မှလည်း လက်တွေ့ဆောင်ရွက်ချက်များဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းမှာ စစ်ပွဲများမဖြစ်ပွားအောင် တားဆီးကာကွယ်ရကြောင်း၊ မြန်မာနိုင်ငံမြောက်ပိုင်း တရုတ်နယ်စပ်လူထုများ၏လုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်ခြင်းများအတွက် အာမခံချက်ပေးဆောင်ခြင်းဟု ဆန္ဒရှိကြောင်းစသည်ဖြင့် လိကျန့်ရှုးက ပြောကြားခဲ့သည်။

တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်သည် မြန်မာလွှတ်တော်အမတ်များနှင့် အချင်းချင်း အပြန်အလှန်လည်ပတ်ခြင်း ပြုလုပ်ရန် ဆန္ဒရှိနေပါသည်။ ကော်မတီဝင်များအကြားဆက်ဆံမှုများ ခိုင်မာစေလိုပါသည်။ တရုတ်နိုင်ငံဒေသဆိုင်ရာပြည်သူ့ကွန်ဂရက်နှင့် မြန်မာနိုင်ငံပြည်နယ်လွှတ်တော်များ ချိတ်ဆက်ကြကာ အုပ်ချုပ်ရေး၊ တရားဥပဒေပြုခြင်းနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဥပဒေဆိုင်ရာအာမခံချက်ရရှိရန်နှင့် အတွေ့အကြုံဖလှယ်ခြင်းများပြုလုပ်ရန်ကြိုးပမ်းကြမည်ဟု လိကျန့်ရှုးက ပြောကြားဖော်ပြခဲ့ပါသည်။

မြန်မာ-တရုတ် ချစ်ခင်ရင်းနှီးခြင်းသည် နှစ်နိုင်ငံပြည်သူလူထုအတွက် အကျိုးကျေးဇူးများ ယူဆောင်လာသည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံရရှိသော ဖွံ့ဖြိုးတိုးတက်မှုနှင့် အောင်မြင်မှုများကို ချီးမွမ်းသည်။ တရုတ်နိုင်ငံ၏အတွေ့အကြုံများကိုလည်းအတုယူရန် တရုတ်နှင့် နယ်ပယ်အသီးသီးတွင် ပိုမိုနက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်ပါသည်။ မြန်မာ-တရုတ်ပေါက်ဖော်ချစ်ကြည်ရေးကို ကောင်းမွန်စွာ ထိန်းသိမ်းဆောင်ရွက်ရမည်။ မြန်မာလွှတ်တော်သည် တရုတ်ကွန်ဂရက်နှင့် ပိုမိုကောင်းမွန်စွာဖလှယ်ဆက်ဆံပြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအမွေကောင်းကို ဆက်ခံသွားမည်ဟု မန်းဝင်းခိုင်သန်းက ပြောကြားခဲ့ပါသည်။

တရုတ်သတင်းစာတိုက်

# တရုတ်သံရုံးမှမြန်မာနိုင်ငံအပစ်အခတ်ရပ်စဲရေးစောင့်ကြည့်မှုကော်မတီထံ ရုံးသုံးမော်တော်ယာဉ်များလှူဒါန်းပေးခဲ့သည်

မြန်မာနိုင်ငံအခြေစိုက်တရုတ်သံရုံးသည် ယခုရက်ပိုင်းတွင် မြန်မာနိုင်ငံအပစ်အခတ်ရပ်စဲရေးစောင့်ကြည့်မှုကော်မတီထံ ရုံးသုံးမော်တော်ယာဉ်များ လှူဒါန်းပေးခဲ့ပါသည်။

အပစ်အခတ်ရပ်စဲရေးကော်မတီမှဝန်ထမ်းများပိုမိုလျှင်မြန်စွာ ရွေ့လျားသွားလာနိုင်ပြီး တာဝန်များဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစေရန်အတွက် တရုတ်သံရုံးသည် မြန်မာနိုင်ငံလိုအပ်ချက်အရ ရုံးသုံးယာဉ်များကို လှူဒါန်းပေးခဲ့သည်ဟု မြန်မာနိုင်ငံအခြေစိုက် တရုတ်သံအမတ်ကြီးဟုန်လျန့်က ပေးကမ်းခြင်းအခမ်းအနားတွင် ပြောကြားခဲ့ပါသည်။

အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်မှုကော်မတီသည် မြန်မာနိုင်ငံနယ်ပယ်အသီးသီးမှ အပစ်အခတ်များရပ်စဲရေးအတွက် အရေးပါသောအဖွဲ့အစည်းဖြစ်ပြီး မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် အရေးပါသော လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ ကော်မတီအရည်အသွေးတိုးမြှင့်ခြင်းဖြင့် အပစ်အခတ်ရပ်ဆဲရေးအတွက် အာမခံချက်များပိုမိုရရှိလိမ့်မည်ဟု ဟုန်လျန့်က ပြောကြားသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးတွန်းဆော်ရာတွင် တရုတ်နိုင်ငံမှ နယ်ပယ်အသီးသီးတွင် ကူညီများပေးနေပါသည်။ ယခုအကြိမ် တရုတ်သံရုံးမှ ကားများလှူဒါန်းခြင်းသည် မြန်မာနိုင်ငံအတွက် အကျိုးရှိနိုင်ပါမည်ဟု မြန်မာနိုင်ငံအပစ်အခတ်ရပ်စဲရေးစောင့်ကြည့်မှု ကော်မတီဥက္ကဋ္ဌဦးရဲပြည်ကပြောကြားသွားပါသည်။

ဆင်ဟွာသတင်းစာတိုက်

# ယူနန်တိုင်းရင်းသားကျေးရွာတွင် ဟွာရှမ်း(ပန်းတောင်)ပွဲတော်အတွက် ပြင်ဆင်ခြင်းများဆောင်ရွက်



ဇူလိုင်လ (၁၃)ရက်နေ့မှ (၁၅)ရက်နေ့ထိယူနန်တိုင်းရင်းကျေးရွာတွင် “ကူမင်းမြောင်တိုင်းရင်းသား ဟွာရှမ်း(ပန်းတွေဝေနေသောတောင်)ပွဲတော်”လှုပ်ရှားမှုကျင်းပခဲ့သည်ဟု ယူနန်တိုင်းရင်းကျေးရွာမှသတင်းရရှိပါသည်။

ဟွာရှမ်းပွဲတော်သည် “ချိုင်ဟွာရှမ်း”ဟုလည်းခေါ်ပြီး မြောင်တိုင်းရင်းသားများ၏ရိုးရာပွဲတော်ဖြစ်ပြီး အားကစားကာယ၊ ရိုးရာယဉ်ကျေးမှု၊ ဖျော်ဖြေလှုပ်ရှားမှုများဖြင့် ထောပနာပြုလေ့ရှိသည်။ ယခုအကြိမ်ပွဲတော်ကာလတွင် ယူနန်တိုင်းရင်းသားကျေးရွာမှ ကြွယ်ဝသောလှုပ်ရှားမှုများ တင်ဆက်ပြသသွားခဲ့သည်။

မြောင်တိုင်းရင်းသားရွာရှေ့တွင် ရှင်းလင်းပြတ်သားပြီး ကျယ်သောသီချင်းသံများနှင့် ခရီးသည်များအားအရက်တိုက်သောရိုးရာဓလေ့ကို ခံစားစေနိုင်သည်။ ရွာသူကြီးကိုယ်တိုင် ရွာသားများကိုဦးဆောင်ကာ ပန်းတိုင်အောက်တွင်ပန်းတိုင်ကိုပူဇော်ရှိခိုးပွဲကျင်းပခဲ့သည်။ မြောင်တိုင်းရင်းသားယောကျ်ားများသည် ပန်းတိုင်ကို ပြောင်းပြန်တက်ခြင်းပညာများပြသသည်။ ခရီးသည်များသည် လူစိန်းအက၊ ဟွာရှမ်းအကစသော မြောင်တိုင်းရင်းသားအကများကို ကြည့်ရှုခံစားနိုင်ခဲ့သည်။

ထိုနည်းတူစွာ ဟွာရှမ်းပွဲတော်ကာလတွင် 《ကုန်းပြင်မြင့်မှအော်ခေါ်ခြင်း》 အဆိုအကဖျော်ဖြေပွဲကို ယူနန်တိုင်းရင်းသားကျေးရွာတွင် တင်ဆက်ပြသပြီး ခရီးသည်များသည် ယူနန်တိုင်းရင်းသားလူမျိုးစုအသီးသီး၏အစားအသောက်များကို သုံးဆောင်နိုင်ပါသည်။ တချိန်တည်းတွင် ယူနန်တိုင်းရင်းကျေးရွာမှ “တောင့်ပသောနေထိုင်မှု၊ မီးရှူးတိုင်ပွဲတော်” အဓိကခေါင်းစဉ်ဖြင့် ညပိုင်းမီးပုံပွဲတော်လှုပ်ရှားမှုများကိုကျင်းပပြီး အားချန်း၊ တယ်အောင်၊ ဂျိမ်းဖေါတိုင်းရင်းသားရွာ(၃)ခုလည်း ညပိုင်းဖွင့်လှစ်ပြသခဲ့သည်။

သတင်းထောက် လျိုကျိုယွို